**ACT Council of Parents & Citizens Associations**
*The parent voice on public education*

**Companion House**
**Assisting Survivors of Torture and Trauma**

# သင့်၏ကလေးကျောင်းပညာရေးအတွက်  အထောက်အကူပြုနည်းလမ်းများ

## အေသီတီမြို့တွင်နေထိုင်သောတိုင်ရင်းလူမျိုးများအတွက်  ကလေးပညာရေး  လက်ကမ်းစာစောင်

### အထွေထွေအချက်အလက်များ

**သင့်၏ကလေးကျောင်းပညာရေးအတွက်  နည်းလမ်းအထွေထွေများစွာ သင်ပါဝင်ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါသည်၊**

- နေမကောင်းသည့်ကလွဲလျှင်  ကျောင်းဖွင့်သည့်တိုင်း  သင့်ကလေး ကျောင်းမှန်မှန်တက်နိုင်ရန်  တိုက်တွန်းအားပေးပါ၊
- သင့်၏ကျောင်းမှာ  ကိစ္စအရပ်ပ်တွင်  ပါဝင်ပူးပေါင်းဆောင်ရွက်ပေးပါ၊
- သင့်ကလေး၏  အတန်းပိုင်  ကျောင်းဆရာ၊ဆရာမနှင့်  အနီးကပ်ဆက်ဆံပါ။
- ကျောင်းမှအိမ်စာ  လုပ်စရာရှိင်လျှင်  အချိန်မှန်မှန်အပြင်  သင့်တော်သောနေရာအခန်းနှင့် အချိန်လုံလုံလောက်က်ပေးပါ၊
- တိုင်းရင်းလူမျိုးများအခြေချနေထိုင်မှုအထောက်အကူပြုရုံး(MARSS) တွင် အထက်တန်းကျောင်သားများအတွက်  ကျောင်းပြင်ပစာသင်ခန်းဖွင့်ထားသည်၊ သင့်၏ကလေးအတွက်  စာလိုက်နိုင်ရန်  စာရင်းသွင်း  လိုလျှင် ဖုံးနံပါတ်(၀၂)၆၂၄၈၈၅၇၇  ဆက်သွယ်ပါ၊
- နေ့စဉ်နေ့တိုင်း  သင့်၏ကလေးငယ်လေးကို  ပုံပြင်စာအုပ်၊  အရုပ်ပြစာအုပ်များကို မိခင်ဘာသာဖြစ်စေ၊  အင်္ဂလိပ်ဘာသာဖြစ်စေ  ဖတ်ပေးပါ၊  သင့်၏ကလေးစာတတ် မြောက်ရေးအတွက်  များစွာပံ့ပိုးပေးနိုင်သည်၊
- မူကြိုကျောင်းပညာရေးသည်  (pre-school)  အသက်(၄)  နှစ်ရောက်သော ကလေးတိုင်း  အခမဲ့  သင်ကြားပိုင်ခွင့်ရှိပြီး၊  အင်္ဂလိပ်ဘာသာမူရင်းဗီဇ မဟုတ်သောကလေးများအတွက်  (၃)  နှစ်  (၆)လအရွယ်တွင် လျှောက်လွှာတင်နိုင်သည်၊  သင့်၏ဒေသခံ  မူကြိုကျောင်း  (pre-school) ကိုဆက်သွယ်ပါ။

### သင့်ကလေး၏ကျောင်းတွင်ဝင်ရောင်ပါဝင်အကူအညီပေးပါ

**သင့်ကလေး၏ကျောင်းတွင်ဝင်ရောင်ပါဝင်ရန်  နည်းလမ်းများစွာရှိပါသည်၊**

- ကျောင်းတွင်တာဝန်ရှိသော  ဝန်ထမ်းများသည်  မိဘများကိုအမြဲတမ်းလက်ကမ်း ကြိုဆိုပါသည်၊  ကျောင်း၏ရုံးခန်းကို  ဆက်သွယ်ပြီး  မေးစရာရှိလျှင်မေးမြန်းပါ၊ ကျောင်းကိုဆက်သွယ်ဖို့  ဖုံးနံပါတ်  နှစ်စဉ်ရေးမှတ်ထားပါ၊
- ကျောင်းအကြိုအပို့  အချိန်တွင်  တခြားမိဘများနှင့်  ရင်းနှီးမှုရှိအောင်  ထွေရာလေးပါး စကားကလေးပြောပါ၊
- ကျောင်းဆရာ၊ဆရာမနှင့်  အသိအမြင်ဖလှယ်  ဆွေးနွေးသည့်  အစည်းအဝေးတွင် ရက်ချိန်းထားပါက  သွားရောက်ဖြစ်အောင်  အချိန်ယူပြီး  လိုအပ်လျှင် အသိမိတ်ဆွေသူငယ်ချင်းတယောက်က်  အဖော်ခေါ်သွားပါ၊
- အကယ်၍  သင့်အနေနှင့်  အင်္ဂလိပ်ဘာသာစကား  ကောင်းကောင်းမပြောနိုင်လျှင် ကျောင်းဝန်ထမ်းက  ဘာသာပြန်ပေးသောဝန်ထမ်း  ကြိုတင်ခေါ်ပေးနိုင်ရန် အသိပေးထားပါ၊
- သင်အချိန်ပိုအားလပ်လျှင်  ကျောင်းစာကြည့်တိုက်မှာဖြစ်စေ၊ ကျောင်းတွင်းစားသောက်ဆိုင်မှာဖြစ်စေ  စေတနာ့ဝန်ထမ်းအနေနဲ့ ပါဝင်လုပ်ဆောင်ပေးပါ၊
- ကျောင်စာသင်ခန်းအတွင်းမှာ  သင့်ကလေး၏အတန်းပိုင်ဆရာ၊  ဆရာမကို သူတို့အနေနဲ့  ဘာအကူအညီများ  လိုအပ်သည်ကို  မေးမြန်းပြီး  ဝိုင်ဝန်းကူညီပေးပါ၊ စာသင်ခန်း  သိမ်းစည်းပေးခြင်း  ပစ္စည်းကိရိယာ  သိမ်းစည်း ခြင်း  စတာတွေ  ကူညီလုပ်ပေးနိုင်ပါသည်၊
- သင့်၏ကလေးကျောင်းမှ  ပြင်ပလေ့လာခရီးထွက်လျှင်  အတန်းပိုင်ဆရာများ၏ ခွင့်ပြုချက်ရယူပြီး  အတူတကွ  လိုက်သွားနိုင်ပါသည်၊
- သင်အချိန်အဆင်ပြေလျှင်  ကျောင်းသားမိဘဆရာအသင်း (P&C) အစည်းအဝေးကို တက်ပါ၊  အသိမိတ်ဆွေသူငယ်ချင်း  တယောက်က်  အဖော်ခေါ်သွားပါ၊  မိဘတိုင်းက အစည်းအဝေးကို  တက်ရောက်နိုင်သည်။

### ပြဿနာတခုခုပေါ်ပေါက်လာလျှင်

- အကြောင်းတခုခုအတွက်  သင်အနေနဲ့  စိတ်ပူပြီး  ကျောင်းအရာရှိဝန်ထမ်းများနှင့် စကားပြောချင်လျှင်  ကျောင်းကနေ  ဘာသာပြန်ပေးသော  ဝန်ထမ်းမှအကူအညီရ ယူပြီး  ခေါ်ပေးရန်  ကြိုတင်အသိပေးထားပါ၊  ကျောင်းဝန်ထမ်းက  ဘာသာ ပြန်ရုံး(TIS)**ကို(၂၄)နာရီ  အချိန်တိုင်း  ဖုံးနံပါတ်  ၁၃၁၄၅၀**  မှ  ခေါ်ပေးနိုင်သည်။
- သင့်ကလေး၏  အတန်းပိုင်ဆရာ၊ဆရာမနှင့်ဖြစ်စေ၊ တခြားဘာသာရပ်ကိုသင်ကြားသောဆရာမျာ  (EAL/D) နှင့်စေ  သင်၏စိုးရိမ်စရာ အကြောင်းအရာတွေကို  တွေ့ဆုံစကားပြောပါ၊
- အကြောင်းတခုခုကိုအကြောင်းပြုပြီး  သင်၏စိတ်ပူပန်မှုကို  အခြေခံ၍ ကျောင်းအရာရှိဝန်ထမ်းများဖြစ်စေ၊  ဒုကျောင်းအုပ်  (သို့မဟုတ်) ကျောင်းအုပ်ကြီးကိုယ်တိုင်ဖြစ်စေ်စေ  သင့်တော်သောဝန်ထမ်းကသင့်ကိုတွေ့ဆုံ စကားပြောရန်  စီစဉ်ပေးမည်ဖြစ်သည်၊
- ကျောင်းတိုင်းမှာ  လူမှုရေးအတိုင်ပင်ခံ  (School Counsellor) တာဝန်ပေးခန့်အပ်ထားသည်၊  သူတို့၏  နာမည်နှင့်ဆက်သွယ်ရန်  ဖုံးနံပါတ်များကို ကျောင်းလက်ကမ်းစာစောင်မှာဖြစ်စေ၊  ကျောင်းရုံးခန်းမှာ ဖြစ်စေ၊  (website) ဖြစ်စေ  မေးမြန်းစုံစမ်းပါ၊
- အကယ်၍  တခြားကိစ္စအရပ်ပ်  ပေါ်ပေါက်လာပါက  သင်အနေနဲ့တိုင်ပင်မေး မြန်းစရာရှိလာလျှင်  လူမှုရေးရာပံ့ပိုးပေးသောရုံး  **Companion House** ဖြစ်စေ။ **ဖုံး(၀၂)၆၂၅၁  ၄၅၅၀**  (သို့မဟုတ်)သင်သိကျွမ်းသော  တခြားရုံးများဖြစ်စေ ဆက်သွယ်ပြီး  အကူအညီ  တောင်းယူပါ၊
- မိဘများက  ကျောင်းပညာရေးနှင့်  အထွေထွေကျောင်းသားမိဘရေးရာများတွင် မည်သို့မည်ပုံ  ဝင်ရောက်ပူးပေါင်းနိုင်သည်ကို  အသေးစိတ်သိလိုလျှင် ကျောင်းသားမိဘဆရာအသင်း(P&C)ဖုံးနံပါတ်(၀၂)၆၂၄၁၅၇၅၉ကိုခေါ်မေးမြန်းပါ။

**အကယ်၍  သင့်အနေနဲ့ပြဿနာတခုခုပေါ်ပေါက်လာလျှင်  ကျောင်းဆရာများကို  ဆက်သွယ်ပါ၊ ဆရာများသည်  သင့်ကိုကူညီရန်  စိတ်ဆန္ဒရှိကြသည်၊**

Companion House | 02 62514550 | info@companionhouse.org.au | www.companionhouse.org.au

ACT Council of Parents & Citizens Associations | 02 62415759 | contact@actparents.org.au | www.actparents.org.au